# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## ဆဋ္ဌမနေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၂၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ သတ္တုနဲ့ သယံဇာတအစည်းအဝေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ အစည်းအဝေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ အစည်းအဝေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ အစည်းအဝေး။ ဦးစောတော်ပလဲ၊ ကရင်(၉)၊ အစည်းအဝေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ အစည်းအဝေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ အစည်းအဝေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ အစည်းအဝေး။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ အစည်းအဝေး။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ အစည်းအဝေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ အစည်းအဝေး။ ဦးစောအုန်း၊ မွန်(၉)၊ အစည်းအဝေး။ ဦးဝိလ်ဆင်မိုး၊ ရှမ်း(၇)၊ အစည်းအဝေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ အစည်းအဝေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ အစည်းအဝေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကျန်းမာရေး။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ မိခင်နှင့်ကလေး အစည်းအဝေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကျန်းမာရေး။ ဗိုလ်မှူးဇော်ခင်ထွဋ်၊ တပ်မတော်၊ တာဝန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

### နမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးအိမ်တိုင်းအရောက် သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျသန်း က နမ့်စန် မြို့နယ်၊ မိုင်းစိတ်ကျေးရွာကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အိမ်တိုင်းအရောက် သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် လူကြီးမင်းများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒရှင်ဒေသခံပြည်သူများအတွက် ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးအိမ်တိုင်းအရောက် သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့ မိုင်းစိတ်ကျေးရွာဟာ အခုအချိန်မှာ စီးပွားရေး၊ လူမှုရေး စတင်ဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်ပါတယ်။ တွဲဖက် အခြေခံပညာရေး အထက်တန်းကျောင်း၊ အဲဒီကျောင်းကနေပြီး မြို့မှာ (၁၀)တန်း စာမေးပွဲသွားရောက်ဖြေဆိုခဲ့ကြလို့ (၁၀)တန်းအောင်မြင်သွားကြတဲ့ ကျောင်းသူ/ကျောင်းသားများ အတော်အသင့်ရှိနေပါပြီ၊ အဲဒီကနေတစ်ဆင့် ဘွဲ့ရများ ဖြစ်သွားတာလည်း (၉၀)ဦးခန့် ရှိပါပြီ။ အစိုးရက ဆောင်ရွက်ပေးလို့ ကတ္တရာလမ်းလည်းပဲ နမ့်စန်မြို့နဲ့ သွားလာနေကြရပါပြီ။ ဒီ ဒေသခံများအနေနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြရပါတယ်။

သူတို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဆက်လက်မြင့်မားဖို့၊ တိုးတက်သွားဖို့ လျှပ်စစ်မီးအလင်းရောင်သာ လိုပါတော့တယ်။ TV များကို ရွာရဲ့ သုံးပုံတစ်ပုံခန့် ဝယ်ယူတပ်ဆင်ကြည့်ရှုကြတာကို မြင်တွေ့ရပါတယ်။ ကိုယ်ပိုင်မီးစက်များနဲ့ကြည့်တာ ဖြစ်ပါတယ်။ အခုလောလောဆယ်မှာ လျှပ်စစ်မီးက နမ့်စန်-မိုင်းစိတ်လမ်းပေါ်က ပန်လန်းပြည်သူ့စစ်ရွာအထိ မီးတိုင်၊ မီးကြိုးတွေနဲ့ ရောက်ရှိနေပါပြီ။ နမ့်စန်-မိုင်းစိတ်လမ်း၊ နမ့်စန်မြို့ကနေ (၁၂)မိုင်၊ (၄)ဖာလုံမှာ ရောက်ရှိအဆုံးသတ် သွားပါတယ်။ မိုင်းစိတ်ကို ရောက်ဖို့ (၈)မိုင်၊ (၄)ဖာလုံသာ ကျန်ပါတော့တယ်။ အဲဒီလျှပ်စစ်မီးလိုင်းဟာ နမ့်စန်မြို့ (၆၆) ကေဗွီဓာတ်အားလိုင်းကနေ အစိုးရမှ သွယ်တန်းပေးထားတာ ဖြစ်ပါတယ်။ မိုင်းစိတ်ကျေးရွာမှာ အိမ်ခြေ(၂၈၂)အိမ်ရှိပြီး၊ လူဦးရေ (၁၅၀၀)ခန့် ရှိပါတယ်။ အဲဒီလမ်းပေါ်မှာရှိတဲ့ အုပ်စုဝင်ကျေးရွာအားလုံးပေါင်းလိုက်ရင်တော့ အိမ်ခြေ(၇၃၂)အိမ်နဲ့ လူဦးရေ(၄၃၉၂)ဦး ရှိပါတယ်။

လျှပ်စစ်မီးကို ပထမဦးစားပေးအနေနဲ့ မိုင်းစိတ်ကျေးရွာကို သွယ်တန်းတပ်ဆင်ပေးစေလိုသော်လည်း လမ်းတစ်လျှောက်လုံး ရွာများပါပေးနိုင်ရင် ပိုပြီးတော့ ကျေးဇူးတင်ဝမ်းမြောက်ကြရမှာဖြစ်ပါတယ်။ မိုင်းစိတ်ရွာထဲမှာတော့ မိုင်းပွန်ကနေ သွယ်တန်းလာတဲ့ မီးလိုင်းကနေပြီးတော့ မိုင်းစိတ်မှာရှိတဲ့ အမြောက်တပ်ရင်းကို ပေးနေပြီ ဖြစ်ပါတယ်။ မီးအားကနည်းတဲ့အတွက် တပ်မီးကို ရွာမှာပေးဖို့ မနိုင်တာကို သိရှိရပါတယ်။

သို့အတွက်ကြောင့် မဟာဓာတ်လိုင်းမီး၊ မိုင်းစိတ်ရွာရဲ့ အနီးအနားကို ရောက်ရှိနေပြီ ဖြစ်တဲ့အတွက် မိုင်းစိတ်ရွာကိုလည်း လျှပ်စစ်မီးသွယ်တန်းပေးနိုင်ပါရန် ဆန္ဒဖြင့် ပြင်းစွာ ရှိနေကြတဲ့အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော့်မေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ မေးခွန်းကတော့ နမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာကို မဟာဓာတ်အားလိုင်းမှာ လျှပ်စစ်မီး အိမ်တိုင်း

အရောက် သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ၏ မေးခွန်းကို တင်ပြ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာဟာ အိမ်ခြေပေါင်း(၂၈၂)အိမ်နဲ့ လူဦးရေ (၁၄၀၀)ခန့် ရှိကြောင်း သိရှိရပါတယ်။ ၁၃၂/၆၆ ကေဗွီ၊ နမ့်စန်ပင်မ ဓာတ်အားခွဲရုံမှ (၂၉)မိုင်ခန့် ကွာဝေးတဲ့ အတွက် (၁၁)ကေဗွီ ဓာတ်အားလိုင်းနဲ့ ဓာတ်အားပေးနိုင်တဲ့ အကွာအဝေးမှာ မရှိကြောင်း တင်ပြ အပ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဆောင်ရွက်မယ့် (၃၃)ကေဗွီ နမ့်စန်-နွားရိုင်း ဓာတ်အားလိုင်း တည်ဆောက်ပြီးရင် အဲဒီဓာတ်အားလိုင်းမှတစ်ဆင့် ဆက်သွယ်ပြီး (၃၃) ကေဗွီဓာတ်အားလိုင်း (၈)မိုင်တည်ဆောက်ခြင်း၊ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံ (၁)ရုံကို မိုင်းစိတ် ကျေးရွာအနီးမှာ တည်ဆောက်ဖို့ လိုအပ်ပါတယ်။ ခန့်မှန်းကုန်ကျငွေကတော့ ကျပ်သန်းပေါင်း (၆၄၀)ခန့် ခန့်မှန်းထားပါတယ်။

ဒ့ါအပြင် ၎င်းဓာတ်အားခွဲရုံမှ (၁၁)ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းနဲ့ ကျေးရွာ အတွင်း (၁၁/၀.၄)ကေဗွီ ထရန်ဖော်မာနဲ့ (၄၀၀)ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ပြီးတော့မှ အနီး ပတ်ဝန်းကျင်မှာရှိတဲ့ ရွာတွေကိုလည်း ဓာတ်အားပေးသွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နမ့်စန်-နွားရိုင်းဓာတ်အားလိုင်း (၃၃)ကေဗွီတည်ဆောက်ပြီးသွားလို့ရှိရင် ၎င်းဓာတ်အားလိုင်းမှတစ်ဆင့် မိုင်းစိတ် ကျေးရွာ၊ (၃၃)ကေဗွီခွဲရုံ တည်ဆောက်ခြင်းနဲ့ (၃၃)ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လာမယ့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာထားပေးပြီးတော့မှ ရန်ပုံငွေ ရရှိလို့ရှိရင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ အနေနဲ့က မိမိဒေသအတွင်းမှာရှိတဲ့ ဆောင်ရွက်သင့်တဲ့ ကျေးရွာများရဲ့ အခြေအနေကို အနီးကပ်သိရှိနိုင်တဲ့အတွက် ဦးစားပေး အစီအစဉ်တွေ ချမှတ်ပြီး ကျေးရွာများမှာ (၁၁)ကေဗွီလိုင်းတည်ဆောက်ဖို့နဲ့ (၁၁/၀.၄)ကေဗွီထရန်ဖော်မာ တပ်ဆင် ခြင်း၊ (၄၀၀)ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းများကို ဒီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကစပြီးတော့

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့တွေနဲ့ ရန်ပုံငွေဘတ်ဂျက်မှာ ထည့်သွင်းတောင်းခံဖို့ ညှိနှိုင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မိုင်းစိတ်ကျေးရွာ အပါအဝင် တခြားပတ်ဝန်းကျင်ကျေးရွာများပါ ဓာတ်အား ရရှိဖို့အတွက် (၁၁)ကေဗွီလိုင်း၊ (၁၁/၀.၄)ကေဗွီ ထရန်စဖော်မာနဲ့ (၄၀၀)ဗို့ ဓာတ်အားလိုင်းတွေ တည်ဆောက်ဖို့ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေမှာ လျာထားတောင်းခံပေးရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းတဲ့ မေးခွန်း တွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင် ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မင်းတပ်မြို့နယ်အတွင်းရှိ ရိုရွာကြီးမှ လုံခါးရွာကိုဖြတ်၍ တွီတိန်ရွာသို့ (၁၂)မိုင် ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန်နှင့် လုပ်ရဲ့ရွာမှခွဲလုံရွာနှင့် ဒိုင်းရုံးရွာကိုဖြတ်၍ ယောချောင်းသို့ ယင်းမှကျောင်းနူးရွာကို ဖြတ်၍ ကားလမ်းမကြီးပေါ်ရှိ သရက်ကုန်းရွာသို့ (၁၆)မိုင် ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က မင်းတပ်မြို့နယ်အတွင်းရှိ ရိုရွာကြီးမှ လုံခါးရွာကိုဖြတ်၍ တွီတိန်ရွာသို့ (၁၂)မိုင် ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန်နှင့် လုပ်ရဲ့ရွာမှခွဲလုံရွာနှင့် ဒိုင်းရုံးရွာကိုဖြတ်၍ ယောချောင်း သို့ ယင်းမှကျောင်းနူးရွာကိုဖြတ်၍ ကားလမ်းမကြီးပေါ်ရှိ သရက်ကုန်းရွာသို့ (၁၆)မိုင် ဆိုင်ကယ်လမ်း အား ကားလမ်းအဖြစ် ဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ (က) မင်းတပ်မြို့နယ်ရှိ ရိုရွာမှ လုံခါးရွာကို ဖြတ်၍ တွီတိန်ရွာသို့ ဖောက်လုပ်ထားတဲ့ ဆိုင်ကယ်လမ်း(၁၂)မိုင်အား ကားလမ်းအဖြစ် ဖောက်လုပ်ပေး နိုင်ရန်နှင့် (ခ) မင်းတပ်မြို့နယ်ရှိ လုပ်ရဲ့ရွာမှ ခွဲလုံ၊ ဒိုင်းရုံးရွာကို ဖြတ်၍ ယောချောင်းသို့ လည်းကောင်း၊ ယင်းမှကျောင်းနူးရွာကိုဖြတ်၍ ကားလမ်းမကြီးပေါ်ရှိ သရက်ကုန်းရွာ (သို့မဟုတ်) ဝမ္မသူးရွာသို့ ဆိုင်ကယ်လမ်း(၁၆)မိုင်အား ကားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ်ရှိ ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ဆိုင်ကယ်လမ်း၊ မင်းတပ်-မတူပီ ပြည်ထောင်စုလမ်းမကြီး (၂၀)မိုင်မှ ဘောင်ရွာ၊ ပြုံးရွာကို ဖြတ်၍ ရိုကျေးရွာသို့ ဆိုင်ကယ်လမ်းမှ ကားငယ်များ သွားနိုင်အောင် ဖောက်လုပ်ထားပြီး ဖြစ်ပါတယ်။ ရိုကျေးရွာဟာ တိုက်နယ်အမှတ် (၁၂)တွင် အကြီးဆုံးရွာကြီးဖြစ်ပြီး၊ ကျန်းမာရေးဌာနနဲ့ အလယ်တန်း ကျောင်း ရှိပါတယ်။ ရိုကျေးရွာမှ လုံခါးရွာကို ဖြတ်၍ တွီတိန်ရွာအထိ (၁၂)မိုင် ဆိုင်ကယ် လမ်းဖောက်လုပ်ပြီး ဖြစ်ပါတယ်။ တွီတိန်ရွာမှ မင်းတပ်-မတူပီ ကားလမ်းမကြီး (၅၆)မိုင် စခန်းသို့ (၃)မိုင်ကို ကားလမ်း ကိုယ်ထူကိုယ်ထဖောက်လုပ် ထားပြီးလည်း ဖြစ်ပါတယ်။

ဒါကြောင့် ရိုရွာမှ တွီတိန်ရွာကြား ဆိုင်ကယ်လမ်းကို ကားလမ်းဖောက်လုပ်ရန်၊ ကျန် ဆိုင်ကယ်လမ်း(၁၂)မိုင်ကို နိုင်ငံတော်မှ ပံ့ပိုးကူညီနိုင်ရန် ဒေသခံပြည်သူများမှ မျှော်လင့်တောင့်တနေကြပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်လမ်းကတော့ မင်းတပ်မြို့နယ်အတွင်း တိုက်နယ်အမှတ်(၂) ရှိ လုပ်ရှဲရွာမှ ခွဲလုံရွာ၊ ဒိုင်းရုံးရွာကို ဖြတ်၍ ယောချောင်းသို့ လည်းကောင်း၊ ယောချောင်းမှ ကျောင်းနူရွာကိုဖြတ်၍ ကားလမ်းမကြီးပေါ်ရှိ သရက်ကုန်းရွာ သို့မဟုတ် ဝမ္ဗသူးရွာသို့ စုစုပေါင်း (၁၆) မိုင် ကိုယ့်အားကိုယ်ကိုး ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်နိုင်ရန် နိုင်ငံတော်မှ ပံ့ပိုးပေးနိုင်ပါရန် ဒေသခံပြည်သူများမှ မျှော်လင့်တောင့်တနေကြပါတယ်။ ဝမ္ဗသူးရွာဟာ တိုက်နယ်ဆေးရုံရှိပြီး အလယ်တန်းကျောင်းရှိတဲ့ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ မင်းတပ်မြို့နယ်မှ လုပ်ရှဲရွာအထိ (၁၄) မိုင်ကို ကား ငယ်များ သွားလာနိုင်ရန် ကားလမ်းကို ဒေသခံပြည်သူများမှ လွန်ခဲ့တဲ့ (၁၅)နှစ်ကျော်ကတည်းက ဖောက် လုပ်ပြီး ဖြစ်ပါတယ်။ လုပ်ရှဲရွာဟာ အလယ်တန်းကျောင်း ရှိပြီးတော့ ကျေးလက်ကျန်းမာရေး ဌာနခွဲ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တွင် ဖော်ပြခဲ့တဲ့ ကားလမ်းတစ်ပိုင်း၊ ဆိုင်ကယ်လမ်း တစ်ပိုင်း ဖြစ်နေတဲ့ ကိုယ့်အားကိုယ်ကိုး ကျေးလက်လမ်းများဟာ ဒေသခံပြည်သူများမှ လွန်ခဲ့တဲ့ (၁၅)နှစ် ကျော်မှ စ၍ နှစ်စဉ်ဖောက်လုပ်လာတဲ့ လမ်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံတော်မှ ခေတ်စနစ် ပြောင်းလဲလာသည်နှင့်အမျှ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲဆုံးနဲ့ ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံး ဖြစ်နေတဲ့အတွက် များစွာပံပိုးကူညီပေးခဲ့တဲ့အတွက်လည်း ဒေသခံပြည်သူများမှ ဝမ်းသာပီတိဖြစ်နေကြပါတယ်ခင်ဗျား။ ကျေးရွာအရောက်နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကုမ္ပဏီများ မှ ဆိုင်ကယ်လမ်းကို ကားလမ်းမကြီးများ ဖြစ်လာအောင် ဖောက်လုပ်ပေးလာတဲ့အတွက် မယုံနိုင်အောင် အံ့ဩဝမ်းသာပီတိဖြစ်နေကြတဲ့ ကျေးလက်နေပြည်သူတွေကို ကျေးလက်ဒေသရောက်တဲ့အခါ များစွာ မြင်တွေ့နေရသလို၊ ကျေးလက်နေ ပြည်သူများမှာလည်း နိုင်ငံတော်ကို ကျေးဇူးတင်ကြောင်းပြောကြား လာနေကြပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တွင် ကျွန်တော် တင်ပြမေးမြန်းခဲ့တဲ့ လမ်း(၂)လမ်းဖြစ်တဲ့ (က) ရိုရွာမှ လုံခါးရွာကို ဖြတ်၍ တွီတိန်ရွာသို့ (၁၂)မိုင် ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန်နဲ့ (ခ) လုံရှဲရွာမှ ခွဲလုံရွာနှင့် ဒိုင်းရုံးရွာကို ဖြတ်၍ ယောချောင်းသို့လည်းကောင်း၊ ယင်းမှ ကျောင်းနူရွာကို ဖြတ်၍ ကားလမ်းမကြီးပေါ်ရှိ သရက်ကုန်းရွာ သို့မဟုတ် ဝမ္ဗသူးရွာသို့ (၁၆)မိုင် ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းလမ်း(၂)လမ်းဟာ မြို့နယ်ရဲ့ ဦးစားပေး စီမံကိန်းများတွင် ပါဝင်ပြီး လည်း ဖြစ်ပါတယ်။ မင်းတပ်မြို့နယ်ရှိ ကျေးလက်နေပြည်သူများ အမှန်တကယ်လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်လာရန်မှာ မြို့နှင့်ဆက်သွယ်ထားတဲ့ ကျေးလက်ဆိုင်ကယ်လမ်းများကို ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အထူး လိုအပ်ပါတယ်။

ဒါကြောင့် အထက်ပါလမ်း(၂)လမ်းကို မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း၊ မြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌရဲ့ ထောက်ခံ ချက်များနဲ့အတူ ပူးတွဲတင်ပြထားတာ ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာ ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိမရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့ - ပြလို့မြင့် - အင်းရွာကြီး ကျေးရွာချင်းဆက်လမ်းမကြီး၏ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသောလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက် ပေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်း က မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့ - ပြလို့မြင့် - အင်းရွာကြီး ကျေးရွာချင်းဆက်လမ်းမကြီး၏ ဆက်လက် ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ရိုသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် တင်ပြ မေးမြန်းသွားမယ့် မေးခွန်း ကတော့ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်းရှိ ပြလို့ကျေးရွာမှ အင်းရွာကြီးကျေးရွာအထိ ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုမည့် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာ ဆက်သွယ်နိုင်ရန် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရေးအတွက် အစီအစဉ် ရှိမရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါ တယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ်တွင် သတ်မှတ်ထားသည့် နယ်မြေအခြေစိုက် (၈)ခု ရှိသည့်အနက် မြို့နယ်တောင်ခြမ်းတွင် ကျေးရွာချင်းဆက်လမ်း မရှိသေးပါ။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်နဲ့ နယ်နိမိတ် ထိစပ်လျက်ရှိတဲ့ လက်မြှောင်၊ ဒါးစမ်း၊ စီရွာ၊ သံဘိုကြီး၊ ပြကြီး တောင်တီး၊ ဆင်တုတ်နဲ့ အင်တောသာ၊ အင်းရွာကြီးကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာပေါင်း(၁၉)ရွာ၊ အိမ်ခြေပေါင်း (၂၅၉၅)၊ လူဦးရေ (၁၁၈၈၉) ဦးတို့မှာ လမ်းပန်းဆက်သွယ်သွားလာမှု အခက်အခဲတွေ

တွေ့ကြုံနေရပါတယ်။ အထူးသဖြင့် မိုးရာသီမှာဆိုရင် သွားလာဆက်သွယ်ရေး လုံးဝပြတ်တောက်သွားသည်အထိ အခြေအနေဆိုးဝါးလှပါတယ်။ ထွန်စက်များပင် ဘီးနစ်နေပြီး(၂) ရက်၊ (၃) ရက်ခန့် ကြာနေတတ်ပါတယ်။ သို့သော်လည်း ထိုအခြမ်းရှိ ကျေးရွာတွေဟာ ဆင်းရဲနွမ်းပါးတဲ့ ကျေးရွာတွေဖြစ်တဲ့အတွက် ကျေးရွာတစ်ရွာချင်း အစီအမံဖြင့် လမ်းဖောက်နိုင်သည့်အနေအထား မရှိပါ။ ပြုလို့မြင့်မှ အရှေ့ဘက် (၁) မိုင်ကျော်ခန့်အထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နဲ့ ဒေသခံ ကျေးလက်ပြည်သူတို့ ပူးပေါင်း၍ ကျောက်ကြီးခံ မြေနီလမ်းခင်းပေးနိုင်တဲ့ အဆင့်သာ ရှိခဲ့ပါတယ်။ ဆက်လက်၍ အကောင်အထည် ဖော်ပေးနိုင်ခြင်း မရှိတော့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အောင်လံမြို့နယ် အရှေ့တောင်ထောင့်နေ ကျေးလက်ပြည်သူတွေဟာ ခေတ်အဆက်ဆက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသဖြင့် အစစ အရာရာ ခေတ်နောက်ကျ ကျန်ခဲ့ကြပါတယ်။ ပညာရေး အထူးနိမ့်ကျပါတယ်။ ကျန်းမာရေးလည်း ထိုနည်းတူပါပဲ။ အရေးကြီးလူနာတွေ ဆေးရုံ ဆေးခန်း ရောက်ဖို့ အချိန်များစွာ ယူနေရတဲ့အတွက် အချို့ အသက် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ကြရတယ်။ မိုးရာသီမှာဆိုရင် အင်းရွာကြီး၊ အင်တောသာနဲ့ တောင်ထီးကျေးရွာ တွေမှာ ဆန်ပြတ်တောက်သည်အထိ သယ်ယူပို့ဆောင်ရေး ပြတ်တောက်ခဲ့ပြီး ဘုန်းတော်ကြီးကျောင်း တွေက ပြန်ပြီး ဆန်ချေးပေးနေရကြောင်း ဒေသခံဘုန်းတော်ကြီးတွေက လွှတ်တော် ကိုယ်စားလှယ်တွေကို အမိန့်ရှိခဲ့ပါတယ်။ သူတို့ဒေသမှာ အခြားဘာမှ လုပ်မပေးပါနဲ့၊ လမ်းဖောက်ပေးရင် တော်ပါပြီလို့ ဒေသခံ ဘုန်းတော်ကြီးတွေက အမိန့်ရှိခဲ့သလို ဒေသခံကျေးလက်ပြည်သူတွေကလည်း ဝိုင်းဝန်းတောင်းဆိုခဲ့ ကြပါတယ်။ ၎င်းတို့တင်ပြတာ မှန်ကန်နေကြောင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဒေသ ဖွံ့ဖြိုးရေးခရီးစဉ်မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ကြပါတယ်။

ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြုလို့ - ပြုလို့မြင့် - ပြုကြီး-အင်းရွာကြီးလမ်းသည် အရှည် (၁၃) မိုင် (၂) ဖာလုံ ရှိပြီး လမ်း၏ လက်ရှိအခြေအနေမှာ ကျောက်ကြမ်းလမ်း (၂) မိုင် မြေသားလမ်း (၁၁) မိုင် (၂) ဖာလုံ ဖြစ်ပါတယ်။ ဤလမ်းကို အောင်လံမြို့နယ် စည်ပင်သာသာရေးအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ကျပ် (၃၉.၆၈) သန်းဖြင့် ကျောက်ချောလမ်း(၆) ဖာလုံ မြေသားလမ်း (၂) မိုင် (၃) ဖာလုံနှင့် သံကူကွန်ကရစ်တံတား (၁) စင်း ကို ထပ်မံ ဆောင်ရွက်ပေးထားတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဤလမ်းပေါ်တွင် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိတဲ့ လုပ်ငန်းများအတွက် ကုန်ကျငွေမှာ မြေသားလမ်း (၈) မိုင် (၇) ဖာလုံ အတွက် ငွေကျပ် (၂၄၃.၃၉၁) သန်း၊ ကျောက်ချောလမ်း (၁၂) မိုင် (၂) ဖာလုံ အတွက် ငွေကျပ် (၄၂၇.၆၈၉) သန်း၊ Box Culvert (၆) စင်းအတွက် ငွေကျပ် (၂၂.၂၀) သန်း၊ ကွန်ကရစ်တံတားအတွက် ငွေကျပ် (၁၂.၃၁၇) သန်း စုစုပေါင်း ငွေကျပ် (၇၀၅.၅၉၇) သန်း ဖြစ်ပါတယ်။ ဤမေးခွန်းကို ကြယ်ပွင့်မပြ မေးခွန်းဖြင့် တစ်ကြိမ် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ သို့သော်လည်း ဝန်ကြီးဌာန အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာငွေလျာထား ရေးဆွဲခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း လျာထားငွေ ပါမလာပါ၍ ရှေ့လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးနိုင်ပါရန် အဆိုပြုတင်ပြအပ် ပါတယ်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်-

(က) မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့- ပြလို့မြင့်- အင်းရွာကြီး ကျေးရွာဆက်လမ်းမကြီး၏ ဆက်လက် ဆောင်ရွက်ရန် ကျန်ရှိနေသောလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ

(ခ) အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ပတ်သက်ပြီး မေးမြန်းထားတဲ့ ချင်းပြည်နယ် အမှတ်(၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်မောင်အေး ကနေပြီးတော့မှ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ က အခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကို ကိုယ်တိုင် ကွင်းဆင်းစစ်ဆေးပြီးတော့မှ မေးမြန်းပေးတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ချင်းပြည်နယ် မင်းတပ်မြို့နယ် ရှိရွာကနေပြီးတော့မှ လုံးခါးရွာကို ဖြတ်ပြီး တွီတိန်ရွာသို့ ဖောက်လုပ်ထားတဲ့ ဆိုင်ကယ်လမ်း (၁၂) မိုင် မှာ ကျေးရွာ (၃) ရွာ၊ အိမ် (၁၂၄) နဲ့ လူဦးရေ (၆၆၅) ဦးတို့ကို အကျိုးပြု ပါတယ်။ အဲဒီလမ်းကို (၁၈) ပေအကျယ် မြေသားလမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်မည်ဆိုပါက ငွေကျပ် (၁၉၂) သန်း ကုန်ကျမှာ ဖြစ်ပါတယ်ခင်ဗျား။

ချင်းပြည်နယ် မင်းတပ်မြို့နယ် လုပ်ရှဲရွာမှ ခွဲလုံး-ဒိုင်းရုံး-ယောချောင်း-ကျောင်းမူ-သရက်ကုန်းရွာတွေကို ဖောက်လုပ်ထားတဲ့ ဆိုင်ကယ်လမ်း (၁၇) မိုင်မှာ ကျေးရွာ (၅) ရွာ၊ အိမ်ခြေ (၅၀) နဲ့ လူဦးရေ (၄၉၇) ဦးကို အကျိုးပြုတာကို တွေ့ရှိရပါတယ်။ အဲဒီလမ်းကို (၁၈) ပေအကျယ် မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ် (၂၇၂) သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်း၌ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်

(၆၂၅၈.၆၁၇) သန်းဖြင့် ကတ္တရာလမ်း (၉) မိုင်၊ ကျောက်ချောလမ်း (၂၄) မိုင် ၊မြေသားလမ်း (၂၆၈) မိုင် (၂) ဖာလုံ၊ သစ်သားတံတား (၈၄၀) ပေ၊ ရေပြွန် (၅၀၀) ပေတို့ကို ဆောင်ရွက်ရန် လျာထား တင်ပြထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ်မြို့နယ်မှာ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် (၈၁၈.၀၇၅) သန်းဖြင့် ကျောက်ချောလမ်း (၆) မိုင်၊ မြေသားလမ်း (၂၀) မိုင်နဲ့ သစ်သားတံတား (၂၅၀) ပေ တို့ကို ဆောင်ရွက်ဖို့ လျာထားတင်ပြထားပြီး ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ မင်းတပ်မြို့နယ် ရိုရွာ-လုံခါးရွာ-တွီတိန်ရွာ မြေသား လမ်းနှင့် လုပ်ရှဲရွာကနေ ခွဲလုံ-ဒိုင်းရုံး-ကျောင်းနူ-သရက်ကုန်းရွာ မြေသားလမ်းတို့ဟာ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ခုန လွှတ်တော် ကိုယ်စားလှယ်ကြီး ပြောကြား သွားတဲ့အတိုင်း လျာထားတင်ပြထားခြင်း မရှိသေးပါကြောင်းနဲ့ အဲဒီ ကျေးရွာချင်းဆက်လမ်း လုပ်ငန်း များကို ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အသေးစိတ် ကွင်းဆင်းတိုင်းတာ တွက်ချက်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှာဦးစားပေး အစီအစဉ်အတိုင်း ရန်ပုံငွေ တင်ပြ တောင်းခံ ရရှိမှု အပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့မှ ကျွန်တော်တို့ ဒုတိယမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ဆက်လက်ပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ အောင်လံမြို့နယ်၊ ပြလို့ - ပြလို့မြင့် - ပြကြီး - အင်းရွာကြီးလမ်း အရှည် (၁၃) မိုင် (၂) ဖာလုံ ရှိပြီး လမ်းရဲ့ လက်ရှိအခြေအနေကတော့ ကျောက်ချောလမ်း (၆) ဖာလုံ၊ ကျောက်လမ်းပျက် (၁) မိုင် (၂) ဖာလုံနှင့် မြေသားလမ်း (၁၁) မိုင် (၂) ဖာလုံ ဖြစ်ပြီး လမ်းအရှည် (၈) မိုင် (၇) ဖာလုံ ကို မြေသားတင်ဖို့ခြင်း ဆောင်ရွက်ရန် လိုအပ်လျက်ရှိတာ တွေ့ရှိပါတယ်။

အဲဒီလမ်းပေါ်မှာ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိတဲ့ လုပ်ငန်းများမှာ (၁၈) ပေ အကျယ် မြေသားလမ်း (၈) မိုင် (၇) ဖာလုံ၊ ကျောက်ချောလမ်း (၁၂) မိုင် (၄) ဖာလုံနဲ့ Box Culvert (၆) စင်း၊ (၃၆) ပေ ကွန်ကရစ်တံတား (၁) စင်း (၂၀) ပေ တို့ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေက ကျပ် (၇၄၆.၀၀၇) သန်း ဖြစ်ပါတယ် ခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေးရေလုပ်ငန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ် (၁၃၈၉၄.၄၁၅) သန်းဖြင့် ကတ္တရာလမ်း (၁၂) မိုင် (၇) ဖာလုံ၊ ကျောက်ချောလမ်း (၂၁၆) မိုင် (၃) ဖာလုံ၊ မြေသားလမ်း (၂၀၇) မိုင် (၇) ဖာလုံ၊ သစ်သားတံတား (၁၂၆၇) ပေ၊ ကွန်ကရစ် ရေကျော် (၄၉၂၀) ပေနဲ့ ရေပြွန် (၁၀၀၅) ပေတို့ကို ဆောင်ရွက်ဖို့ လျာထားပြီးဖြစ်ကြောင်းကို တင်ပြအပ်ပါတယ်။

အောင်လံမြို့နယ်မှာ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်

(၇၈၄.၁၈၉) သန်းဖြင့် ကတ္တရာလမ်း (၆) မိုင် (၄) ဖာလုံ၊ ကျောက်ချောလမ်း (၁၆) မိုင် (၅) ဖာလုံ၊ မြေသားလမ်း (၂၇) မိုင် (၅) ဖာလုံနဲ့ သစ်သားတံတား (၇၅) ပေတို့ကို ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ အောင်လံမြို့နယ် ပြလို့ - ပြလို့မြင့် - ပြကြီး-အင်းရွာကြီးလမ်းကို မွေးမြူရေးရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ လျာထားခြင်း မရှိသေးပါကြောင်းနဲ့ အဆိုပါ လမ်းပေါ်မှာ ဆောင်ရွက်ရမည့် လုပ်ငန်းများကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ အသေးစိတ်ကွင်းဆင်းတိုင်းတာ တွက်ချက်ပြီး ပထမဦး စားပေးအနေဖြင့် (၁၈) ပေအကျယ် မြေသားလမ်း (၈) မိုင် (၇) ဖာလုံ၊ ကျောက်ချောလမ်း (၃) မိုင်၊ Box Culvert (၆) စင်းနှင့် ကွန်ကရစ်တံတား (၁) စင်း တို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ရန်ပုံငွေမှာ ဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေ တင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တောင်ကိုရီးယား နှင့် မြန်မာ ပူးပေါင်း၍ ပိုလီနည်းပညာတက္ကသိုလ် ဖွင့်လှစ်သွားမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း က တောင်ကိုရီးယားနှင့် မြန်မာ ပူးပေါင်း၍ ပိုလီနည်းပညာတက္ကသိုလ် ဖွင့်လှစ်သွားမည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်းဖြစ်ပါတယ်။ တောင်ကိုရီးယားနှင့်မြန်မာ ပူးပေါင်းပြီး ပိုလီနည်းပညာ တက္ကသိုလ် ဖွင့်လှစ်သွားမည့် အစီအစဉ်ကို သိရှိလိုပါ၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နည်းပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ရည်ရွယ်ချက်နဲ့ ပိုလီ နည်းပညာ တက္ကသိုလ်တစ်ခု အကောင်အထည်ဖော် တည်ဆောက်သွားရန် မြန်မာနိုင်ငံ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ အာဆီယံ ဒေသအတွင်း စင်ကာပူ နိုင်ငံမှာ ပိုလီနည်းပညာတက္ကသိုလ် တစ်ခုထက်မက ရှိကြောင်း လေ့လာ သိရှိရပါတယ်။ နည်းပညာနဲ့ ပတ်သက်ပြီး အဆင့်မြင့် အတွေ့အကြုံများစွာရှိတဲ့ တောင်ကိုရီးယားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် အောင်မြင်စွာ အကောင်အထည်ဖော် နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ရန်ကုန် ပိုလီနည်းပညာတက္ကသိုလ်ကို အင်းစိန်မြို့နယ် ယခင် အောင်ဆန်းစက်မှုလက်မှုအထက်တန်း

ကျောင်းနေရာမှာ တည်ဆောက်သွားဖို့ လျာထားကြောင်းနဲ့ စီမံကိန်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုချက် ရရှိပြီး ဖြစ်တယ်လို့လည်းပဲ သိရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မျိုးဆက်သစ်လူငယ်လူရွယ်များအတွက် အဆင့်မြင့်နည်းပညာများ သင်ကြားလေ့ကျင့်ပေးနိုင်တော့မှာဖြစ်ပြီး နိုင်ငံတော်အတွက် နည်းပညာကဏ္ဍမှာ များစွာ အကျိုးရှိမယ့် စီမံကိန်းဖြစ်တဲ့အတွက် ကြိုဆိုပါကြောင်း တင်ပြလိုပါတယ်။ မိမိတို့ လူငယ်လူရွယ် အများစုက ပိုလီ ဆိုတဲ့ ဝေါဟာရနဲ့ အကျွမ်းတဝင် မရှိကြသေးဘူးလို့ ထင်ပါတယ်။ သို့ဖြစ်ပါ၍ ပိုလီနည်းပညာတက္ကသိုလ်ရဲ့ သဘောသဘာဝ သင်ကြားမယ့် ပညာရပ်များ၊ ဖွင့်လှစ်သွားမယ့် အခြေအနေ၊ ပိုလီနည်းပညာတက္ကသိုလ်ဖွင့်လှစ် သင်ကြားခြင်းဖြင့် ရရှိလာမည့် အကျိုးရလာဒ်များကို လူငယ်လူရွယ်များနဲ့ ပြည်သူများ သိရှိနိုင်ရေးအတွက် ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာအောင်ကျော်မြတ် (ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးနဲ့ ပြည်ထောင်စုအဖွဲ့ဝင်ပုဂ္ဂိုလ်များ အားလုံး စိတ်၏ ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ မေတ္တာပို့သပါတယ်။ အမျိုးသားလွှတ်တော် အစည်းအဝေးကြီးမှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း မှ တောင်ကိုရီးယားနှင့် မြန်မာ ပူးပေါင်း၍ ပိုလီနည်းပညာတက္ကသိုလ် ဖွင့်လှစ်သွားမည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်း၍ မေးမြန်းထားပါတယ်။ ၎င်းမေးခွန်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ် က ပြန်လည်ဖြေကြားတင်ပြပါမယ်။

ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ အဓိက လိုအပ်ချက်ဖြစ်တဲ့ လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ရာမှာ အရေးပါတဲ့ နည်းပညာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံ အပါအဝင်ဒေသတွင်း အာဆီယံနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ကိုးရီးယားသမ္မတနိုင်ငံနဲ့ ပူးပေါင်းပြီးတော့ မြန်မာပိုလီတက်ကနစ် တက္ကသိုလ်ကို တည်ထောင်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ် ဇွန်လမှာကျင်းပပြုလုပ်တဲ့ ပထမအကြိမ် မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မတီ အစည်းအဝေးမှာ Feasibility Study ပြုလုပ်ရန် သဘောတူညီချက် ရယူခဲ့ပါတယ်။

ထိုအချိန်မှ စတင်ပြီးတော့ ကိုရီးယား ပိုလီတက်ကနစ်တက္ကသိုလ်နဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ မြန်မာပိုလီတက်ကနစ်တက္ကသိုလ် တည်ထောင်နိုင်ရန်အတွက် အကြိမ်ကြိမ်

ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးတော့ Feasibility Study အတွက် MoU ထိုးရန် ကျွန်တော်တို့ သဘောတူညီခဲ့ကြပါတယ်။ ကိုရီးယား ပိုလီတက်ကနစ်တက္ကသိုလ်နဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာပိုလီတက်ကနစ် University ကို တည်ထောင်နိုင်ရေးအတွက် နားလည်မှု စာချွန်လွှာ မူကြမ်းကို လက်မှတ်ရေးထိုးခွင့်ပြုပါရန် တင်ပြခဲ့ရာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှာကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၃၃/၂၀၁၃ မှ သဘောတူ ခွင့်ပြုပြီးဖြစ်ပါတယ်။ နားလည်မှု စာချွန်လွှာမှာ အပိုဒ် ၇ ပိုဒ် ပါဝင်ပြီးတော့ ၎င်းစာချွန်လွှာကို အလဲအလှယ် ပြုလုပ်ထားပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ အနည်းငယ် အချိန် ကြန့်ကြာသွားရခြင်းဟာ ကိုရီးယား ပိုလီတက်ကနစ် တက္ကသိုလ်ရဲ့ ကျောင်းအုပ်က အပြောင်းအလဲ ဖြစ်သွားတဲ့အတွက် ယခု လက်မှတ်ထိုးဖို့ ဆက်လက် ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ Feasibility Study ကို ဆောင်ရွက်ဖို့အတွက် MoU ထိုးခြင်း ဖြစ်ပါတယ်။ Feasibility Study လုပ်ဖို့အတွက်လည်း MoU ထိုးပြီးတာနဲ့ အဖွဲ့နှစ်ဖွဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး အမိန့်ရှိသွားတဲ့အတိုင်းပဲ ကျွန်တော်တို့ နေရာကတော့ အတိအကျ သတ်မှတ်ထားခြင်း မရှိသော်လည်း အောင်ဆန်းကျောင်းကိုတော့ ရည်ရွယ်ထားပါကြောင်းလည်း တင်ပြအပ်ပါတယ်။ Feasibility Study ပြီးပါက သင်ကြားမယ့် ဘာသာရပ်၊ သင်ကြားမယ့် အစီအစဉ်များနဲ့ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရမယ့် အစီအစဉ်များကို ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်သွားဖို့ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ ပြည်ထောင်စုတရား စီရင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးစိုးညွန့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စား ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ်

ပြင်ဆင်တဲ့ ဥပဒေကြမ်းအား ဆွေးနွေး စဉ်းစားနိုင်ရန်အတွက် အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေးမှာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေး၊ အဖွဲ့ဝင် နိုင်ငံရေးနဲ့ စီးပွားရေးနှင့် ဥပဒေရေးရာများကော်မရှင်က တင်သွင်းခဲ့တဲ့ ပင်လယ်ရေကြောင်းဆိုင်ရာ အမှုစီရင်ပိုင်ခွင့်ကို အာဏာအပ်နှင်းနိုင်ရန်အတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း အဆိုကို ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့မှာ အမျိုးသားလွှတ်တော်မှ အတည်ပြုဆုံးဖြတ်ကြောင်း အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၄၂ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အတည်ပြု ဆုံးဖြတ်ထားပြီးသော အဆိုကို ပေးပို့ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေမှာ ပင်လယ်ရေကြောင်းဆိုင်ရာ အမှုစီရင်ပိုင်ခွင့် အာဏာအပ်နှင်းနိုင်ရန်အတွက် ပြည်ထောင်စု တရားစီရင်ရေးဥပဒေ ပုဒ်မ ၃၈ ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ယခု ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ပြင်ဆင် ရေးဆွဲထားတဲ့ ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးဌေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးက ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဌေးရယ် က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များ ထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့် /မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန်

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရား စီရင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၁၀-၆-၂၀၁၄ (အင်္ဂါနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေး

စဉ်းစားရန် အဆိုကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးမြသိမ်း(ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာကြသော လူကြီးမင်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအစည်းအဝေးမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ခုံရုံးဥပဒေမူကြမ်း တင်သွင်းရခြင်းနဲ့ပတ်သက်တဲ့ အကျဉ်းချုပ်ရည်ရွယ်ချက်ကလေး ကို အနည်းငယ်တင်ပြခွင့်ပြုရန် လွှတ်တော်ဥက္ကဋ္ဌကြီးအား ကျွန်တော်ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းနှင့် တာဝန်များကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၂(က)အရ အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဆိုတာ တစ်ရပ်ရှိပါတယ်။ ပုဒ်မ ၁၂ (ခ)(ဂ)အရ စိစစ်ခြင်းဆိုတာ တစ်ရပ်ရှိပါတယ်။ ပုဒ်မ ၁၂(ဃ)၊ (င)၊ (စ)နဲ့ (ဆ) တို့အရ ဆုံးဖြတ်ခြင်းဆိုတာ တစ်ရပ်ရှိပါတယ်။ ကဏ္ဍ (၃)ရပ်ရှိပါတယ်။ အဲဒီအထဲက ခုံရုံးဥပဒေပုဒ်မ ၁၂(ခ)နဲ့(ဂ)ပါ စိစစ်ခြင်းဆိုတဲ့ လုပ်ငန်းအတွက် ခုံရုံးဥပဒေပုဒ်မ ၁၃ နဲ့ ၁၄ အရ တင်သွင်းလွှာတွေ တင်သွင်းလာတဲ့အခါမှာ ဥပဒေနဲ့အညီ သီးခြားသတ်မှတ် ဆောင်ရွက်ပေးဖို့ရာ အတွက် ပြဋ္ဌာန်းချက်များ ဖြည့်စွက်ပေးရန် လိုအပ်တာ တွေ့ရှိရပါတယ်။ ထို့အပြင် ခုံရုံးက ဆုံးဖြတ်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နဲ့သဘောထားတို့ဟာ တစ်ခုနဲ့တစ်ခု သဘောသဘာဝချင်းလည်း မတူဘူးလို့ ခုံရုံးက သဘော ရရှိပါတယ်။ အာနိသင်ချင်းလည်း မတူဘူးလို့ ခုံရုံးက သဘောရရှိပါတယ်။

ဒါကြောင့် ဖော်ပြပါ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားဆိုတဲ့ကိစ္စရပ် သုံးခုဆီမှာ တစ်ခု တစ်ခုစီအတွက် သတ်မှတ်ထားတဲ့ နည်းလမ်းတွေကို ပြဋ္ဌာန်းပေးဖို့ လိုအပ်နေကြောင်း သုံးသပ်ရရှိပါတယ်။ ထို့အပြင် ခုံရုံးကဖော်ပြပါအတိုင်း ဆုံးဖြတ်ခဲ့တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ ဆုံးဖြတ်ချက် တစ်ရပ်စီရဲ့ အကျိုးသက်ရောက်မှုများကိုလည်း ခုံရုံးဥပဒေမှာ ပြဋ္ဌာန်းပေးဖို့ လိုအပ်တယ်ဆိုတာကို သုံးသပ်ရရှိပါတယ်။ အဲဒီအကြောင်းများကြောင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်တဲ့ဥပဒေမူကြမ်းအား ကျွန်တော့်အနေဖြင့် ခုံရုံးရဲ့ကိုယ်စား အမျိုးသားလွှတ်တော်က လက်ခံပြီး စဉ်းစားဆွေးနွေးအတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနုက ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံ ဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့် /မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန်

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၆-၂၀၁၄ (အင်္ဂါနေ့) ထက်နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံ ဗိသုကာ ကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ ဗိသုကာ ကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးအောင်ချိုဦး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာ ပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ -၂၀၅<br>ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ ဇွန်လ ၄ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၁၀-၃-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံဗိသုကာကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာရာ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် ၃-၆-၂၀၁၄ ရက်နေ့တွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဗိသုကာအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဗိသုကာကောင်စီ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) မူလဥပဒေကြမ်းတွင်ပါရှိသော ဘုတ်အဖွဲ့ဆိုသည့်စကားရပ်ကို ခေတ်နှင့်လျော်ညီမှု ရှိစေရန်အတွက် အလုပ်အမှုဆောင် ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မူလဥပဒေကြမ်းပုဒ်မ ၂၊ ပုဒ်မခွဲ(က)၏ ဗိသုကာပညာ ဆိုသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ဖော်ပြထားသော လူမှုဘဝတစ်ခုလုံးရှိ တည်ဆောက်ပတ်ဝန်းကျင် ကို ဖန်တီးသော ဗိသုကာလုပ်ငန်းအားလုံးနှင့် ဆက်နွယ်သည့်ပညာရပ်အားလုံးအား ဆိုသည့်စကားရပ်ကို မြန်မာစာ အရေးအသားဆီလျော်ပြေပြစ်မှု ရှိစေရေးအတွက် လူမှုဘဝ ပတ်ဝန်းကျင်တွင် တည်ဆောက်ဖန်တီးသည့် ပညာရပ်ကို ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလဥပဒေကြမ်းပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားချက်အစား အရေးအသား ပိုမို ကျစ်လျစ်စေရန်အတွက် တာဝန်ခံဝန်ကြီးဌာနဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန် များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ က သတ်မှတ် ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ (စ) တွင်ဖော်ပြထားချက်များအစား ပိုမိုတိကျ ရှင်းလင်းစေရန်အတွက် အမှတ်စဥ်ပြောင်းပြီး ပုဒ်မ၂၊ ပုဒ်မခွဲ (ဇ) အဖြစ် ဗိသုကာ ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာဘွဲ့ရရှိသူ ကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့် ထပ်မံအသစ်ဖြည့်စွက်ပြီးတော့ ပုဒ်မခွဲ (ဈ)အဖြစ် ဗိသုကာပညာရှင် ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးထားသော အကြီးတန်းလိုင်စင် ဗိသုကာလက်မှတ် သို့မဟုတ် လိုင်စင်ဗိသုကာလက်မှတ် ရရှိ ထားသူကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်အစားထိုးသင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(င) မူလဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (င)၊ (စ)၊(ဇ)၊ (ည)၊(ဎ)၊ ပုဒ်မ ၃၉နှင့် ပုဒ်မ ၄၂ တို့တွင် ဖော်ပြထားသော ဗိသုကာပညာရှင်ဆိုသည့်စကားရပ်ကို လက်တွေ့ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာစံနှုန်းများနှင့်အညီ ဆောင်ရွက် နိုင်ရန်အတွက် ဗိသုကာပညာရှင်၊ ဗိသုကာ ဆိုသည့် စကားရပ်ဖြင့် ပြောင်းလဲ အစားထိုးသင့်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

(စ) မူလဥပဒေကြမ်းပုဒ်မ ၃၊ပုဒ်မခွဲ(က)တွင်ဖော်ပြပါထားရှိသော ကျင့်ဝတ်နီတိ ဆိုသည့် စကားရပ်ကို မြန်မာစာရေးထုံးနှင့် ညီညွတ်စေရန်အတွက် ကျင့်ဝတ်ဆိုသည့် စကားရပ် ဖြင့် အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) ဥပဒေကြမ်းပုဒ်မ ၄ တွင် ဖော်ပြချက်များအစား လုပ်ငန်းများ ပိုမို ဆောင်ရွက်ရန်အတွက် ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ ၄။တာဝန်ခံဝန်ကြီးဌာနသည် မြန်မာနိုင်ငံဗိသုကာကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ သင့်လျော်သော ဗိသုကာနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သင့်လျော်သော ရွေးကောက်ခံဗိသုကာပညာရှင်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | | |
|---|---|---|---|
| (က) | တာဝန်ခံဝန်ကြီးဌာနမှ သင့်လျော်သော ဗိသုကာ | ၄ | ဦး |
| ( ခ) | ဗိသုကာပညာသင်ကြားရေးဆိုင်ရာ ဦးစီးဌာန၊ တက္ကသိုလ် ကောလိပ်နှင့် သိပ္ပံများမှ သင့်လျော်သော ဗိသုကာ | ၃ | ဦး |
| ( ဂ) | နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာရေး ကော်မတီများမှ သင့်လျော်သော ဗိသုကာ | ၃ | ဦး |
| (ဃ) | အစိုးရမဟုတ်သော ဗိသုကာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ အရွေးကောက်ခံ ဗိသုကာပညာရှင် | ၂၀ | ဦး |

ဖြစ်ပါတယ်။

(ဇ) မူလဥပဒေကြမ်း ပုဒ်မ ၅ တွင် ဖော်ပြထားသော ဘဏ္ဍာရေးမှူး တစ်ဦး ဆိုသည့် စကားရပ်၏နောက်ရှိနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဆယ့်လေးဦး ဆိုသည့် စကားရပ်ကို ထည့်သွင်းရန် မလိုအပ်သည့်အတွက် ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဈ) အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်းလုပ်ငန်းမှာ ပိုမိုပြည့်စုံစေရန်အတွက် ပုဒ်မ ၆ တွင် ဖော်ပြထားသော ကောင်စီဥက္ကဋ္ဌက ဆိုသည့်စကားရပ်၏ နောက်၌ အလုပ်အမှုဆောင်အဖွဲ့၏ဆိုသည့်စကားရပ်ကို ဖြည့်စွက်သင့်ကြောင်းနှင့် အလုပ်အမှုဆောင် တစ်ဆယ့် လေးဦး က အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ကျန်နှစ်ဆယ့်တစ်ဦး ပါဝင်စေလျက်ဆိုသည့် စကားရပ်ကိုကျန်ရှိသောကောင်စီဝင်များအနက်မှ သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော အဖွဲ့ဝင်ရှစ်ဦးအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း စုစုပေါင်း တစ်ဆယ့်ငါးဦး ပါဝင်စေလျက်ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ည) မူလဥပဒေကြမ်းပုဒ်မ ၇၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြပါရှိသော အရွေးချယ်ခံ ဆိုသည့် စကားရပ်သည် ကန့်သတ်မှုတစ်ရပ်ဖြစ်နေသည့်အတွက် ပယ်ဖျက်သင့်ကြောင်းနှင့် ပုဒ်မခွဲ (င)ကို ပိုမိုလေးနက်စေရန်အတွက် ပုဒ်မခွဲ (စ) အဖြစ် ထိုသို့ဖြည့်စွက်

ထမ်းဆောင် သော ကာလသည် ပုဒ်မခွဲ(ဂ)နှင့် (ဃ)ပါ သက်တမ်းနှင့် သက်ဆိုင်ခြင်း မရှိစေရ ဆိုသည့်စကားရပ်ကို ဖြည့်စွက်သင့်ပြီးတော့ မူလဥပဒေကြမ်း ပုဒ်မခွဲ(စ)ကို ပုဒ်မခွဲ (ဆ) အဖြစ် ပြောင်းလဲ အမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(မ္မ) မူလဥပဒေကြမ်းပုဒ်မ ၈၊ ပုဒ်မခွဲ(တ)တွင် ပါရှိသော ပြည်ထောင်စုအစိုးရ အဖွဲ့က ဆိုသည့် စကားရပ်ကို လုပ်ငန်းဆောင်ရွက်ရာမှာ တိကျမှုရှိစေရန်အတွက် တာဝန်ခံ ဝန်ကြီးဌာနက ဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဌ) မူလဥပဒေကြမ်းပုဒ်မ ၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)၏နောက်တွင် ပုဒ်မခွဲငယ်(၂) အဖြစ် ဗိသုကာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီဆိုသည့် စကားရပ်ဖြင့် အသစ်ဖြည့်စွက်သင့်ကြောင်း၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၇)တွင် ဖော်ပြထားသော အခြားလိုအပ်သော လုပ်ငန်းကော်မတီများ ဆိုသည့်စကားရပ်ကို လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းသင့်သည့် အခြားလုပ်ငန်း ကော်မတီများဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်အစားထိုးသင့်ကြောင်းနှင့် ပုဒ်မခွဲ(ဆ) တွင် ဖော်ပြထားချက်များအစား ပိုမိုလေးနက်မှုရှိစေရန်အတွက် နိုင်ငံတော်အတွက် အကျိုးပြုမည့်ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ ဗိသုကာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း တွေ့ရှိရပါတယ်။

(ဍ) ကောင်စီသည် ယင်းတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် ရုံးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန်အတွက် ပုဒ်မ ၁၁ အဖြစ် ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်၊ မှတ်ပုံတင် အရာရှိချုပ်ဦးဆောင်သော ရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ကောင်စီ၏ ရုံးအဖွဲ့ခွဲများ ဖွင့်လှစ်ရန် လိုအပ်လာပါက မှတ်ပုံတင်အရာရှိတစ်ဦးစီ ဦးဆောင်သော ရုံးအဖွဲ့ခွဲများကို လိုအပ် သလို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည် ဆိုသည့်စကားရပ်ဖြင့် အစားထိုး ပြင်ဆင် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဎ) မူလဥပဒေကြမ်းပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဃ)၏အောက်တွင် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ချို့ယွင်းလျှင် ကောင်စီဝင်အဖြစ်မှ ရပ်စဲနိုင်ရန်အတွက် အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ် ကို ကျူးလွန်မှုကြောင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း ဆိုသည့် စကားရပ်ဖြင့် အသစ်ဖြည့်စွက်ပြီး ပုဒ်မခွဲ(င)အဖြစ် လည်းကောင်း၊ ပုဒ်မခွဲ(စ) တွင် ဖော်ပြပါရှိသော စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့်ဆိုသည့်စကားရပ်ကို စိတ်ရောဂါစွဲကပ် ခြင်း သို့မဟုတ် အသိဉာဏ်ပျက်ယွင်းခြင်းကြောင့် ဆိုသည့်စကားရပ်ဖြင့် အစားထိုး ပြီး ပုဒ်မခွဲ(ဆ)အဖြစ်လည်းကောင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဏ) မူလဥပဒေကြမ်းပုဒ်မ ၁၅ ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်းလည်း လေ့လာ တွေ့ရှိရပါသည်။

(တ) မူလဥပဒေကြမ်း ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော ခွင့်မပြုပါက ကျွမ်းကျင် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဆိုသည့်စကားရပ်အားလည်းကောင်း၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ဆိုသည့်စကားရပ်များအားလည်းကောင်း၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော ခွင့်မပြုပါက မှတ်ပုံတင်ဗိသုကာ လက်မှတ် ထုတ်ပေးရန်ဆိုသည့် စကားရပ်အားလည်းကောင်း လိုအပ်ခြင်းမရှိ၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ထ) မူလဥပဒေကြမ်း ပုဒ်မ ၂၂၏ အောက်တွင် ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)(ခ)တို့အဖြစ် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စရပ်များအတွက် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း တွေ့ရှိရပါသည် -

၂၃။ (က) မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူ လက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ဗိသုကာအထူးပြု ပညာရပ်အလိုက် ကောင်စီကကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင် နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူ လက်မှတ်ထုတ်ပေးရမည်။

၂၄။ (က) မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ လက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလ ပြည့်မြောက်ပါက မှတ်ပုံတင်ဗိသုကာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ သည် ဗိသုကာအထူးပြုပညာရပ်အလိုက် ကောင်စီကကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဗိသုကာ၏ သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီသော မှတ်ပုံတင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များသတ်မှတ်၍ မှတ်ပုံတင်ဗိသုကာ လက်မှတ်ထုတ်ပေးရမည်။

(ဒ) မူလဥပဒေကြမ်းပုဒ်မ ၂၈ တွင် ဖော်ပြချက်များအစား နိုင်ငံခြားသားဗိသုကာလက်မှတ် ထုတ်ပေးနိုင်ရန် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ဗိသုကာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံအပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား ဗိသုကာပညာရှင်က မှတ်ပုံတင် နိုင်ငံခြားသားဗိသုကာလက်မှတ်ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော ဗိသုကာပညာရပ် အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊

လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများသတ်မှတ်ပြီး လျှောက်ထား လာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင် နိုင်ငံခြားသား ဗိသုကာလက်မှတ်ထုတ်ပေးနိုင်သည် ဟူ၍ အစားထိုး သင့်ကြောင်းနှင့် ပုဒ်မ ၃၀ အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ဓ) မူလဥပဒေကြမ်း ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ဆ)ကို ပယ်ဖျက်ပြီး ပုဒ်မ ၃၂ အဖြစ် နိုင်ငံသား ဗိသုကာပညာရှင်များသည် ကောင်စီက သတ်မှတ်သည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည် ဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(န) မူလဥပဒေကြမ်း ပုဒ်မ ၃၀ တွင်ပါရှိသော ထုတ်ပြန်သည့် ညွှန်ကြားချက်ပါ တားမြစ် ချက် တစ်ရပ်ရပ်ကို ဆိုသည့်စကားရပ်ကို ဥပဒေရေးထုံးနှင့်ညီညွတ်စေရန်အတွက် ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ကြောင်းနှင့် ပုဒ်မ ၃၃ အဖြစ် ပြောင်းလဲအမှတ်စဉ် သင့်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

(ပ) မူလဥပဒေကြမ်း ပုဒ်မ ၃၃ တွင် ဖော်ပြချက်များအစား မှတ်ပုံတင်လက်မှတ်မရှိသော်လည်း တာဝန်ပေးအပ်လျှင် အစိုးရနှင့်ဆိုင်သော ဗိသုကာဝန်ထမ်းများကို တာဝန် ပေးအပ်လျှင် ဆောင်ရွက်နိုင်ရန်အတွက် အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ တွင် ခန့်ထားသော ဗိသုကာဝန်ထမ်းများက တာဝန်အရ ဆောင်ရွက်ခြင်းမှအပ မည်သူမျှ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ဗိသုကာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို ကောင်စီက ထုတ်ပေး သော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ ဆိုသည့် စကားရပ်ဖြင့် အစား ထိုးသင့်ကြောင်း နှင့် ပုဒ်မ ၃၆ အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ဖ) မူလဥပဒေကြမ်း ပုဒ်မ ၃၆ တွင် ပါရှိသော ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ကို ပြစ်ဒဏ်လျှော့ပေါ့စေရန် ရည်ရွယ်၍ ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ဖြင့် အစားထိုး သင့်ကြောင်းနှင့် ပုဒ်မ ၃၉ အဖြစ်ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ဗ) မူလဥပဒေကြမ်း ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ ကို မလိုအပ်ပါ၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဘ) မူလဥပဒေကြမ်းပုဒ်မ ၄၃ တွင် ပါရှိသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်း ဆိုသည့်စကားရပ်၏နောက်မှာ မြန်မာသဒ္ဒါအထားအသို ဆီလျော်မှုရှိစေရန်အတွက် ဖြစ်သည်ဆိုသည့်စကားရပ်ကို ဖြည့်စွက်သင့်ကြောင်းနှင့် ပုဒ်မ ၄၄ အဖြစ် ပြောင်းလဲ အမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(မ) မူလဥပဒေကြမ်း ပုဒ်မ ၄၄ တွင် ပါရှိသော ဤဥပဒေအရ လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်သည့် ကောင်စီဝင်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဦးအား တရားမကြောင်း ဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်း ဖြင့်ဖြစ်စေ တရားစွဲခြင်းမပြုရ ဆိုသည့်စကားရပ်ကို ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် ဤဥပဒေအရလုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို သဘောရိုးဖြင့်ဆောင်ရွက်ကြောင်း ထင်ရှားလျှင် ကောင်စီဝင်၊ အလုပ်အမှုအဆောင် အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင် တစ်ဦးဦးအား တရားမကြောင်း အရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တာဝန်မရှိစေရဆိုသည့်စကားရပ်ဖြင့် ပြင်ဆင် ဖြည့်စွက်သင့်ကြောင်းနှင့် ပုဒ်မ ၄၅ အဖြစ် ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ယ) နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ စရိတ်နှင့် ခံစားခွင့်များနှင့်ပတ်သက်၍ ပုဒ်မ ၄၇ အဖြစ် အောက်ပါအတိုင်း အသစ် ဖြည့်စွက်သင့်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့်စရိတ်နှင့်ခံစားခွင့် များကို ခံစားခွင့်ရှိသည် -

(က) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ခံစားခွင့် များကို ရရှိနိုင်ခွင့်ရှိခြင်း၊

(ခ) တာဝန်အရ ခရီးသွားရပါက အမှန်တကယ် ကုန်ကျထားသည့် ခရီးစရိတ်နှင့် တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက် စရိတ်ကို ခံစားခွင့်ရှိခြင်း၊

(ဂ) ကောင်စီနှင့် သက်ဆိုင်သောအစည်းအဝေးများ တက်ရောက်ပါက တာဝန်ခံ ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့် ရှိခြင်းတို့ ဖြစ်ပါတယ်။

(ရ) ကောင်စီသည် ကူညီထောက်ပံ့မှုများကို ဥပဒေနှင့်အညီ လက်ခံဆောင်ရွက်နိုင်ရန် အတွက် ပုဒ်မ ၅၀ အဖြစ် ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီ များကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည် ဆိုသည့် စကားရပ် ဖြင့် အသစ်ဖြည့်စွက်သင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(လ) မူလဥပဒေကြမ်း ပုဒ်မ ၄၈၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဆိုသည့် စကားရပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇၊ ပုဒ်မခွဲ(က) နှင့်ညီညွတ်မှုရှိစေရန်အတွက် စည်းမျဥ်းနှင့် စည်းကမ်းများကို ဆိုသည့်စကားရပ်ကို

အစားထိုးသင့်ကြောင်း နှင့် ပုဒ်မ ၅၁ အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လည်းလေ့လာတွေ့ရှိ ရပါသည်။

(ဝ) အခန်းစဉ်အထားအသို စနစ်တကျရှိစေရန်အတွက် မူလဥပဒေကြမ်းအခန်း(၈)ပါ ခေါင်းစဉ်ဖြစ်သော ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ဆိုသည့်စကားရပ်ကို ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း(၉)ပါခေါင်းစဉ်ဖြစ်သော ဗိသုကာမှတ်ပုံတင်လက်မှတ် ဆိုသည့် စကားရပ်ကို ဗိသုကာမှတ်ပုံတင် လက်မှတ် လျှောက်ထားခြင်း နှင့် ထုတ်ပေးခြင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အခန်း(၁၀)ခေါင်းစဉ်တွင်ပါရှိသော တာဝန်နှင့် အခွင့်အရေးဆိုသည့် စကားရပ်ကို တာဝန်နှင့် ရပိုင်ခွင့်များ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း(၁၃)မှ ခေါင်းစဉ်ဖြစ်သော တားမြစ်ချက်နှင့် ပြစ်ဒဏ်များ ဆိုသည့် စကားရပ်ကို တားမြစ်ချက်များ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်းနှင့် မူလဥပဒေကြမ်း ပုဒ်မ ၃၉ ၏အထက်တွင် အခန်း(၁၄)ပြစ်ဒဏ်များဆိုသည့်စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။ ဥပဒေတစ်ရပ်လုံး၏ အထားအသို အစီအစဉ် ကျနမှု ရှိစေရန်အတွက် အခန်း(၁၄)ကို အခန်း(၁၅)အဖြစ်လည်းကောင်း၊ ပုဒ်မစဉ်များကို ပြောင်းလဲအမှတ်စဉ်ခြင်းအားဖြင့်လည်းကောင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဗိသုကာကောင်စီ ဥပဒေကြမ်းကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီ

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅) မိနစ်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီအချိန်တွင် ရပ်နားပြီး (၁၁း၂၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ယခု တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၂။**

**ဗိုလ်မှူးမျိုးထွန်းအောင် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကော်မရှင်အဖွဲ့ဝင် ဆရာကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း-၃၁၃၁၄ ဗိုလ်မှူးမျိုးထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနက ယနေ့ခေတ်အချိန်အခါနှင့် သင့်လျော်မှုရှိစေရန် တင်သွင်းလာသည့်အတွက် ကျွန်တော့်အနေနဲ့ အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) အပိုဒ် (၂၅) မှာ နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကျိုးကို ကူညီဆောင်ရွက်မည်ဟု အတိအလင်းဖော်ပြ ပြဋ္ဌာန်းထားပါတယ်ခင်ဗျား။ ဒီလိုပါရှိတဲ့အတွက် မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေ ပေါ်ထွက်လာရေးအတွက် ဝိုင်းဝန်းဆုံးဖြတ် အတည်ပြုပေးရန် လိုအပ်လျက် ရှိပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ ဤဥပဒေပါ အချို့ ပုဒ်မ၊ ပုဒ်မခွဲများတွင် လိုအပ်သည့် စာသားများ ထပ်မံဖြည့်စွက်ခြင်း၊ ရည်ညွှန်းပုဒ်မများယွင်းမှုများအား ဆီလျော်အောင် ပြင်ဆင်ခြင်းများကို ဤဥပဒေကြမ်း၏ ညီနောင်ဥပဒေဖြစ်သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေနှင့် ချိန်ထိုး သုံးသပ်၍ အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။ ဤဥပဒေကြမ်းမှာ အခန်း(၁၄) ခန်း၊ ပုဒ်မ ၄၈ ခု ပါရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ဖြည့်စွက်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲများအား ပိုမိုထင်ရှား ပေါ်လွင်စေရန်အတွက် ကန့်လန့်ဖြတ်ဇယား powerpoint ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ တင်ပြပါ ဥပဒေကြမ်းအခန်း(၁)၊ အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) နှင့် (င) တို့မှာ ဖွဲ့စည်းသော ဆိုသည့်နေရာမှာ ဖွဲ့စည်းသည့် ဆိုသည့် စကားရပ်နှင့် အင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(င)ပါ ရေးထုံးအရ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ် ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၁) ပုဒ်မ၂ အခန်း(၁) ပုဒ်မ ၃ ရည်ရွယ်ချက်များ ပုဒ်မ ၃ (က) မှာတော့ ဗိသုကာပညာရပ်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်ဟူ၍ အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (က)ပါ ရေးထုံးအရ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။

နောက်တင်ပြပါ ကျွန်တော်တို့ အခန်း(၃) ပုဒ်မ ၄ မှာတော့ ကျွန်တော်တို့ မူလဥပဒေကြမ်းမှာ ကျွန်တော်တို့ ဗိသုကာပညာရှင်များနဲ့ ဗိသုကာကောင်စီကို ကျွန်တော် (၂၅) ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ ဒီ (၂၅) ဦးကို ကျွန်တော်တို့ ဘုတ်အဖွဲ့ (၂၁) ဦး ၊ (၂၅) ဦးထဲကနေ ရွေးမယ်ဆိုလို့ရှိရင် ဒါ ကျွန်တော်တို့ ဆီလျော်မှုမရှိဘူးလို့ယူဆတဲ့အတွက် မြန်မာနိုင်ငံဗိသုကာကောင်စီကို ကျွန်တော်တို့ (၃၀) ဦးနဲ့ ဖွဲ့စည်း ရမည်ဆိုပြီးတော့ ကျွန်တော် တိုးမြှင့်ဖွဲ့စည်းလိုပါတယ်ခင်ဗျား။ ဒီလိုတိုးမြှင့် ဖွဲ့စည်းတဲ့နေရာမှာတော့ အပိုဒ်ခွဲ (က) မှာ တာဝန်ခံဝန်ကြီးဌာနမှ တာဝန်ပေးအပ်သူ အရာထမ်း(၃) ဦး ဆိုတဲ့နေရာမှာ အရာထမ်း (၅) ဦးဖြင့်လည်းကောင်း ပုဒ်မခွဲ(ခ)မှာ ဗိသုကာပညာနှင့် သက်ဆိုင်သောဝန်ကြီးဌာနမှ ပါမောက္ခ အဆင့်နှင့် အထက်အရာထမ်း (၂) ဦး ဆိုသည့်နေရာမှာ (၄) ဦးဖြင့်လည်းကောင်း ပုဒ်မခွဲ(စ)မှာ ဝါရင့်ဗိသုကာ ပညာရှင်ကြီး (၄) ဦးဆိုတဲ့နေရာမှာ (၅) ဦးဖြင့်လည်းကောင်း တိုးမြှင့်ပြီးတော့ စုစုပေါင်း (၃၀) ဦးထဲကနေပြီးတော့ ကျွန်တော်တို့ ဗိသုကာကောင်စီဘုတ်အဖွဲ့ (၂၁) ဦးကို ရွေးချယ်သည်က ပို၍သင့်လျော်သည်ဟု ယူဆပါသဖြင့် တိုးမြှင့်ဖွဲ့စည်းလိုခြင်းဖြစ်ပါတယ်။ တင်ပြပါ မူလဥပဒေကြမ်း အခန်း(၃) ပုဒ်မ ၆ မှာတော့ ကျွန်တော်တို့ ပုဒ်မ ၅ မှာတော့ ဒီ ဘဏ္ဍာရေးမှူး တစ်ဦးဆိုပြီးတော့ ပါရှိပြီး ဖြစ်သော်လည်းပဲ မူလဥပဒေကြမ်း ပုဒ်မ ၆ မှာတော့ ကျွန်တော်တို့ (၂၁) ဦး ပြည့်မီခြင်းမရှိဘဲနဲ့ ဘဏ္ဍာရေးမှူးတစ်ဦး လိုအပ်နေတဲ့အနေအထား ဖြစ်ပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ ပုဒ်မ ၅ မှာလည်း ပါပြီးသားဖြစ်တဲ့အတွက် တင်ပြပါအတိုင်း တွဲဖက် အတွင်းရေးမှူးများ အဖြစ်လည်းကောင်း၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင် (၁၄) ဦး က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ဆိုပြီးတော့ စုစုပေါင်း (၂၁) ဦးပါဝင်စေလျက် မြန်မာနိုင်ငံ ဗိသုကာ ဘုတ်အဖွဲ့ဝင်ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်ဟူ၍ ကျွန်တော်တို့ ဘဏ္ဍာရေးမှူးတစ်ဦး လုပ်ငန်းတာဝန်ပေးအပ်ရန် သင့်လျော်မှုရှိတဲ့အတွက် ကျွန်တော်တို့ ဖွဲ့စည်းလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ တင်ပြပါ ကျွန်တော်တို့ အခန်း(၃) ပုဒ်မ ၇ ပုဒ်မခွဲ (က) မှာ ကောင်စီ၏ တစ်ကြိမ် သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်ဟူ၍ အင်ဂျင်နီယာကောင်စီ ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (က) ပါ ရေးထုံးအရ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၃)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဂ) မှာတော့ ကောင်စီဥက္ကဋ္ဌ အဖြစ်ရွေးချယ်ခံရသူသည် ဥက္ကဋ္ဌ အဖြစ် သက်တမ်း တစ်ကြိမ်၊ ကောင်စီဝင် အဖြစ် သက်တမ်းတစ်ကြိမ် စုစုပေါင်း (၂) ကြိမ်အထိသာ တစ်ဆက်တည်း ဆောင်ရွက်ခွင့် ရှိသည်ဟူ၍ ဥက္ကဋ္ဌ အဖြစ်ရွေးချယ်ခံရသူကို ကောင်စီဝင်သက်တမ်း (၂) ကြိမ် တစ်ဆက်တည်း ထမ်းဆောင်ခွင့် ရစေရန် ရည်ရွယ်တဲ့အတွက် ပြင်ဆင်ဖြည့်စွက်လိုခြင်းဖြစ်ပါတယ် ခင်ဗျား။

အဲဒီတော့ ကျွန်တော်တို့ မူလဥပဒေကြမ်း အခန်း(၃) ပုဒ်မ ၇ ပုဒ်မခွဲ (င)မှာတော့ ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဘဏ္ဍာရေးမှူးအပါအဝင် ကျန်ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါဆိုပြီးတော့ ကျွန်တော်တို့ ဥက္ကဋ္ဌ အပါအဝင် ကောင်စီဝင်အားလုံးအကျုံးဝင်စေရန်အတွက် ရည်ရွယ်ပြီးတော့ ပြင်ဆင်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ် ခင်ဗျား။ တင်ပြပါ ကျွန်တော်တို့ အခန်း(၃) ပုဒ်မ ၇ ပုဒ်မခွဲ (စ)မှာတော့ လက်ရှိကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပုဒ်မ ၄ အရ ကောင်စီအသစ်အား ရက်ပေါင်း (၆၀) အတွင်း ဖွဲ့စည်းပြီး စတင်တာဝန်ထမ်းဆောင်ချိန်အထိ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်ဆိုပြီးတော့ အင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ(၈) ပုဒ်မခွဲ (စ) ပါ ရေးထုံးအရနှင့် ကောင်စီအသစ် စတင်တာဝန်

ထမ်းဆောင်ချိန်အထိ လက်ရှိကောင်စီက ဆက်လက်တာဝန်ထမ်းဆောင်ပေးနိုင်ရန် ရည်ရွယ်လိုခြင်း ဖြစ်တဲ့အတွက် ပြင်ဆင်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

တင်ပြပါ မူလဥပဒေကြမ်း အခန်း(၄) ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များအခန်း ပုဒ်မ ၈၊ ပုဒ်မ ၈ (င) မှာတော့ကျွန်တော်တို့ ကြီးကြပ် ကွပ်ကဲခြင်းရဲ့ နောက်မှာစုံစမ်း စစ်ဆေးခြင်းနှင့်အရေးယူ ဆောင်ရွက်ခြင်းဟူ၍ အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ဃ) နှင့် အညီ ကျွန်တော်တို့ ပြင်ဆင်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၄)၊ ပုဒ် (၈) ပုဒ်မခွဲ(စ) မှာတော့ ဗိသုကာပညာရှင် ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ နှင့် နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ စိစစ်ခြင်း အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ စသည်ဖြင့် အင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (င) နှင့်အညီ ကျွန်တော်တို့ ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။ တင်ပြပါ ကျွန်တော်တို့ အခန်း(၄) ပုဒ်မ ၈ ပုဒ်မခွဲ(ဆ)မှာတော့ မူလဥပဒေမှာပါရှိတဲ့ ယင်းစာရင်းဆိုတဲ့ စကားရပ်ကို အင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ(၉)၊ ပုဒ်မခွဲ (စ)နှင့်အညီ ကျွန်တော်တို့ ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ တင်ပြပါ မူလဥပဒေကြမ်း အခန်း(၄) ပုဒ်မ ၈ ပုဒ်မခွဲ (ဇ) မှာတော့ တင်ပြပါအတိုင်း လိုအပ်သော စံချိန်စံညွှန်းများနှင့် ဗိသုကာပညာဆိုင်ရာကျင့်ထုံးများ ပြုစုရေးနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာန သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန စသည်ဖြင့် အင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (ဆ) ပါ ရေးထုံးအရ အစားထိုးပြင်ဆင်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

တင်ပြပါ မူလဥပဒေကြမ်း အခန်း(၄) ပုဒ်မ ၈ ပုဒ်မခွဲ (ဈ) မှာတော့ ကျွန်တော်တို့ ဗိသုကာ ပညာနှင့် နည်းပညာဆိုင်ရာသင်ကြားမှုအဆင့်အတန်း မြင့်မားစေရန်နှင့် အရည်အသွေးပြည့်ဝသော ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ပေါ်ပေါက်စေရေး အတွက် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာ ပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဟူ၍ အင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မကို ပုဒ်မခွဲ (ဇ) ပါရေးထုံးအရ အစားထိုး ပြင်ဆင်လိုခြင်း ဖြစ်ပါတယ် ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၄)၊ ပုဒ်မ ၈ ပုဒ်မခွဲ(ဌ)မှာ ကျွန်တော်တို့ တင်ပြပါအတိုင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ခံ ဝန်ကြီးဌာန နှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနဲ့ ပံ့ပိုးကူညီခြင်းဟူ၍ အင်ဂျင်နီယာကောင်စီဥပဒေပုဒ်မကို ပုဒ်မခွဲ (ည) ပါရေးထုံးအရ အစားထိုး ပြင်ဆင်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ မူလဥပဒေကြမ်း အခန်း(၄) ပုဒ်မ ၈ မှာတော့ ပုဒ်မခွဲ (ဏ) ကောင်စီသည် ကောင်စီနှင့် ဘုတ်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေနှင့်အညီ တာဝန်ခံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်အရာရှိချုပ်ဦးစီးသော ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်းဟူ၍ အင်ဂျင်နီယာ ကောင်စီ ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (ဌ)ပါရေးထုံးအရ အစားထိုးပြင်ဆင်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။ တင်ပြပါမူလဥပဒေကြမ်း အခန်း(၄) ပုဒ်မ ၈ (တ) မှာ ကောင်စီ၏ရည်ရွယ်ချက်များ အထမြောက် အောင်မြင်စေရန် တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို

ဆောင်ရွက်ခြင်းဟူ၍ အင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ(၉) ပုဒ်မခွဲ(ဍ)ပါရေးထုံးအရ အစားထိုးပြင်ဆင်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။

တင်ပြပါ မူလဥပဒေကြမ်း အခန်း(၄) ပုဒ်မ ၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) မှာတော့ စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံ စံနှုန်းများနှင့် ဗိသုကာပညာဆိုင်ရာကျင့်ထုံးများ ပြုစုရေးလုပ်ငန်းကော်မတီဟူ၍ အင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၅) နှင့်အညီ ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၄) ပုဒ်မ ၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၆) မှာတော့ ဗိသုကာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီဟူ၍ အင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ (၁၀) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၇) နှင့်အညီ ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၄) ပုဒ်မ ၉ ပုဒ်မခွဲ (ဂ) မှာတော့ မူလဥပဒေကြမ်းမှာပါရှိတဲ့ မှတ်ပုံတင်လက်မှတ်ကို ဆိုတဲ့နေရာမှာ ကို ကိုဖြုတ်ပြီး အင်ဂျင်နီယာကော်စီဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)နှင့်အညီ စကားရပ်ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၄) ပုဒ်မ ၉ ပုဒ်မခွဲ (ဃ) မှာတော့ ပုဒ်မခွဲ (ဃ) မှတ်ပုံတင်လတ်မှတ်ထုတ်ပေးခြင်းနှင့် စပ်လျဥ်း၍ သီးခြားကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သောစည်းမျဥ်းစည်းကမ်းများ သတ်မှတ်ခြင်းဟူ၍ အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ (ဃ) နှင့်အညီ စကားရပ်ပြင်ဆင်ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။

မူလဥပဒေကြမ်းအခန်း(၄) ပုဒ်မ ၉ ပုဒ်မခွဲ (ဆ) မှာတော့ နိုင်ငံတော်အတွက် အကျိုးပြုမည့် ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ ဗိသုကာပညာရှင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ စသည်ဖြင့် အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ (ဆ) နှင့်အညီ ကျွန်တော်တို့ ပြင်ဆင်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပုဒ်မအသစ် ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ မူလဥပဒေကြမ်း အခန်း(၄) မှာ ပုဒ်မ ၁၁၊ ကောင်စီသည် ကောင်စီနှင့်ဗိသုကာဘုတ်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ်ဦးဆောင်သော ရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင် ကောင်စီ၏ရုံးအဖွဲ့ခွဲများ ဖွင့်လှစ်ရန်လိုအပ်လာပါက မှတ်ပုံတင်အရာရှိတစ်ဦးစီ ဦးဆောင်သော ရုံးအဖွဲ့ခွဲများကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် ဟူ၍ အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၁၂ အရ ဒီပုဒ်မကို ဖြည့်စွက်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပုဒ်မ ၄၀ ကိုတော့ ပယ်ဖျက်ရမှာဖြစ်ပါတယ်။

မူလဥပဒေကြမ်း အခန်း(၅)၊ ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်းအခန်း၊ ဒါကျွန်တော်တို့ ပုဒ်မ ၁၁ ကိုတော့ ပုဒ်မ ၁၁ ရဲ့ ပုဒ်မခွဲ(ခ)နဲ့ (ဂ) တို့ကို ပုဒ်မ ၁၂ (ခ)နဲ့(ဂ)တို့မှာ ကောင်စီသို့ဆိုပြီးတော့ ရှေ့ဆုံးကနေပြီးတော့ အင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၁၃ (ခ)နဲ့(ဂ)တို့ပါ ရေးထုံးအရ စကားရပ်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၅)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ)မှာ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ဆိုတဲ့ နေရာမှာ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်းဟူ၍ အင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဃ)ပါရေးထုံးအရ စကားရပ် ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ပုဒ်မခွဲ အသစ် ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ မူလဥပဒေကြမ်းအခန်း(၅)၊ ပုဒ်မ ၁၁ မှာ ကျွန်တော်တို့ ပြင်ဆင်ဖြည့်စွက်လိုတဲ့ ပုဒ်မခွဲကတော့ ပုဒ်မ ၁၂ ပုဒ်မခွဲ(င) အကျင့်စာရိတ□တနှင့်

သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ထောင်ဒဏ်ချမှတ်ခံရခြင်းဟူ၍ အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(င)ပါ ရေးထိုးအရ ပုဒ်မခွဲ အသစ် ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်းမှာပါရှိတဲ့ ပုဒ်မ ကျွန်တော်တို့ (င)၊ (စ)၊ (ဆ) တို့ကတော့ ဒါ (စ)၊ (ဆ)၊ (ဇ)ဟူ၍ အစဥ်အတိုင်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၆)၊ အစည်းအဝေး ကျင်းပခြင်းအခန်း၊ ပုဒ်မ ၁၂ (က)နှင့် (ခ)တို့မှာ ဒါ ကျွန်တော် အနည်းဆုံး ဆိုတဲ့ ဒီ စကားရပ်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉ နှင့် အင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၁၄ (က)နှင့် (ခ)တို့ပါ ရေးထိုးအရ စကားရပ် ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

မူလဥပဒေကြမ်း အခန်း(၈)၊ ကျွန်တော်တို့ အခန်းခေါင်းစဥ် ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ဆိုတဲ့ ခေါင်းစဥ်ကို ကျွန်တော်တို့ အင်ဂျင်နီယာကောင်စီဥပဒေ အခန်း(၈) ခေါင်းစဥ်အရ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနဲ့ ထုတ်ပေးခြင်းဟူ၍ ကျွန်တော်တို့ ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၈)၊ ပုဒ်မ ၂၀မှာတော့ ပုဒ်မ ၂၁ (က)မှာ ရည်ညွှန်းပုဒ်မ အမှတ် မှန်ကန်စေရန်အတွက် မူလဥပဒေကြမ်းပုဒ်မ ၁၈ ကို ပုဒ်မ ၂၀ ဆိုပြီးတော့ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

အလားတူ ကျွန်တော်တို့ မူလဥပဒေကြမ်း အခန်း(၈) ပုဒ်မ ၂၂ မှာလည်း ရည်ညွှန်း ပုဒ်မ အမှတ် မှန်ကန်စေရန်အတွက် မူလဥပဒေကြမ်းက ပုဒ်မ ၂၀ ကို ပုဒ်မ ၂၂ ဟူ၍ အစားထိုး ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ အခန်း(၉) ခေါင်းစဥ် ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ မူလဥပဒေကြမ်းက ဗိသုကာမှတ်ပုံတင် လက်မှတ်ဆိုတဲ့နေရာမှာ အင်ဂျင်နီယာကောင်စီဥပဒေ အခန်း(၉)ခေါင်းစဥ်အရ ဗိသုကာမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနဲ့ ထုတ်ပေးခြင်းဟူ၍ ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၉)၊ ပုဒ်မ ၂၄ မှာလည်း ပုဒ်မ ၂၅ (က)မှာ ရည်ညွှန်းပုဒ်မအမှတ် မှန်ကန်စေရန်အတွက် မူလပုဒ်မ ၂၂ ကို ပုဒ်မ ၂၄ ဟူ၍ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၉)၊ ပုဒ်မ ၂၅(က)မှာတော့ မှတ်ပုံတင်ဗိသုကာလက်မှတ် ရရှိထားရှိသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက လိုင်စင်ဗိသုကာလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်ဟူ၍ အင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)ပါ ရေးထိုးအရ စကားရပ် ကျွန်တော်တို့ ပြင်ဆင်အစားထိုးလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

မူလဥပဒေကြမ်း အခန်း(၉)၊ ပုဒ်မ ၂၅ ပုဒ်မခွဲ(ခ)မှာ ကျွန်တော်တို့ တင်ပြပါအတိုင်း ပြည့်မီသူအား စည်းကမ်းချက်များသတ်မှတ်ပြီး လိုင်စင်ဗိသုကာလက်မှတ်ထုတ်ပေးရမည်ဟူ၍ အင်ဂျင်နီယာ ကောင်စီဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ)ပါ ရေးထိုးအရ စကားရပ် ကျွန်တော်တို့ ပယ်ဖျက် အစားထိုးလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ခေါင်းစဥ်ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ မူလပြဋ္ဌာန်း ချက်မှာပါရှိတဲ့ မှတ်ပုံတင်လက်မှတ်ရရှိသူများ၏ တာဝန်နှင့် အခွင့်အရေးဆိုသည့် နေရာမှာ မှတ်ပုံတင်လက်မှတ်ရရှိသူများ၏ တာဝန်နှင့် ရပိုင်ခွင့်များဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၄ နှင့် အင်ဂျင်နီယာကောင်စီ ဥပဒေအခန်း (၁၀)ပါ ရေးထိုးအရ အစားထိုးပြင်ဆင်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

မူလဥပဒေကြမ်း အခန်း(၁၀)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ဃ)မှာပါရှိတဲ့ မြန်မာနိုင်ငံအတွင်းဆိုတဲ့ စကားရပ်ကို ကျွန်တော်တို့ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ဃ) မိမိပညာရပ်နှင့် သက်ဆိုင်သော သတ်မှတ်ထားသည့် ဗိသုကာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့် ရှိသည်ဟူ၍ အင်ဂျင်နီယာကောင်စီ

ဥပဒေပုဒ်မ ၃၁(ဂ)ပါ ရေးထုံးအရနှင့် အာဆီယံနိုင်ငံများအကြား ဗိသုကာဝန်ဆောင်မှုလုပ်ငန်းများအပေါ် အရည်အသွေးနှင့် ထောက်ခံလွှာ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဥ် ASEAN Mutual Recongrition Arrangement MRA on Architectural Services ပါ သဘောတူညီချက်များအရ ဒါ မြန်မာနိုင်ငံအတွင်းဆိုတဲ့ စကားရပ်ကို ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ မူလဥပဒေကြမ်း အခန်း(၁၁)၊ စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ အရေးယူခြင်း အခန်း ပုဒ်မ ၃၀ ကို ကျွန်တော် ပုဒ်မ ၃၁ ဆိုပြီးတော့ တင်ပြပါအတိုင်း ဤဥပဒေအရ ထုတ်ပြန် သည့် နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို သော်လည်းကောင်းဟူ၍ အင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၃၄ ပါ ရေးထုံးအရ စကားရပ် အစားထိုးလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၁၂)၊ အယူခံဝင်ခြင်းအခန်း ပုဒ်မ ဒါကျွန်တော်တို့ ၃၂ မှာ ပုဒ်မ ၃၃ ရည်ညွှန်းပုဒ်မ မှန်ကန်စေရန်အတွက်၊ ၃၀ ကို ၃၂ ဟူ၍ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၁၃)၊ တားမြစ်ချက်နှင့် ပြစ်ဒဏ်များအခန်း၊ ပုဒ်မ ၃၃ မှာတော့၊ ပုဒ်မ ၃၄ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသော ဗိသုကာပညာရှင်ဝန်ထမ်းများက တာဝန်အရ ဆောင်ရွက်ခြင်းမှ အပ မည်သူမျှ ဤ ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အများပြည်သူ ဘေးအန္တရာယ်ဖြစ်စေနိုင်မည့် ဗိသုကာဆိုင်ရာလုပ်ငန်းများကို ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်း မပြုရဟူ၍ အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၃၇ ပါ ဒါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်း ပုဒ်မ ၃၃ နဲ့ ၄၀ တို့ကို ဒါ ကျွန်တော်တို့ တစ်ပေါင်းတည်း ရေးသားခြင်းဖြင့်လည်းကောင်း၊ ဒါ ကျွန်တော်တို့ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပုဒ်မ ၄၀ ကို ကျွန်တော်တို့ ပယ်ဖျက်ရမှာ ဖြစ်ပါတယ်။ မူလဥပဒေကြမ်း အခန်း(၁၃)၊ ပုဒ်မ ၃၄ ကို ကျွန်တော်တို့ ပုဒ်မ ၃၅၊ မည်သည့် မှတ်ပုံတင်လက်မှတ်ရရှိသူမျှ မိမိရရှိသည့် အဆင့်အတန်းနှင့် အခေါ်အဝေါ် စကားရပ်များကို မိမိ၏ အမည်နှင့် ယှဥ်တွဲ၍ သုံးနှုန်းခြင်း မပြုရဟူ၍ အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၃၈ နှင့်အညီ ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၁၃)၊ ပုဒ်မ ၃၅(ခ)ကို ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ခ)၊ မိမိ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့် ပြစ်ဒဏ် သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း မှတ်ပုံတင်လက်မှတ်ကို ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရဟူ၍ ဒါ ကျွန်တော် အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၃၉ ၊ ပုဒ်မခွဲ (ခ)ပါ ရေးထုံးအရ၊ ကျွန်တော်တို့ စကားရပ် ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း ကျွန်တော်တို့ အခန်း(၁၃)၊ ပုဒ်မ ၃၆ မှာတော့ ကျွန်တော်တို့ ပုဒ်မ ၃၇၊ မည်သူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၂)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟူ၍ ပြင်ဆင်လိုပါတယ်။

အကျိုးအကြောင်း ဖော်ပြချက် အနေနဲ့ကတော့ ကျွန်တော်တို့ ဒါ ရည်ညွှန်းပုဒ်မ မှန်ကန်စေဖို့အတွက် ၃၂ ကို ၃၄ လို့ ပြင်ပါတယ်။ နောက်ကျွန်တော်တို့ အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၄၀ အရ ထောင်ဒဏ် (၂)နှစ်သာလျှင် ဟိုမှာပြဋ္ဌာန်းထားပါတယ်။ ဒီ ဥပဒေကြမ်းမှာတော့ (၃)နှစ်ဆိုပြီးတော့ သူက ဒါ ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ဒဏ်ငွေ ပမာဏမှာ ကျွန်တော်တို့ ကျပ်(၁၀)သိန်း

ထက်မပိုသော ဆိုတာ၊ ဒါ အင်ဂျင်နီယာကောင်စီဥပဒေမှာ မပါရှိတဲ့အတွက် ကျွန်တော်တို့ ငွေဒဏ် မပါရှိတဲ့ အတွက် ငွေဒဏ်ပမာဏပြဋ္ဌာန်းချက်ကို ကျွန်တော်တို့ ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

အလားတူပဲ ကျွန်တော်တို့ ဤဥပဒေကြမ်း အခန်း(၁၃)၊ ပုဒ်မ ၃၇ ကို၊ ပုဒ်မ ၃၈ ဆိုပြီးတော့ ဒါ တင်ပြပါအတိုင်း ဒါ ကျွန်တော်တို့ ပုဒ်မ ၃၃ ကို ပုဒ်မ ၃၅ အဖြစ်လည်းကောင်း၊ ကျွန်တော်တို့ ငွေဒဏ် ကျပ်(၅)သိန်းထက်မပိုသော ငွေဒဏ်ကိုလည်း ဒါ အင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၄၁ မှာလည်း မပါရှိ တဲ့အတွက် ဒါ ကျွန်တော်တို့ဒဏ်ငွေပမာဏကို ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ အလားတူပဲ မူလဥပဒေကြမ်း အခန်း(၁၃)၊ ပုဒ်မ ၃၈ ကို ပုဒ်မ ၃၉ ဒါ တင်ပြပါ အတိုင်း ဖြစ်ပါတယ်ခင်ဗျား။ ဒါ ပုဒ်မ ၃၄ ကို ၃၆ ဆိုပြီးတော့ ကျွန်တော်ပြင်ဆင်လိုပါတယ်။ ရည်ညွှန်းပါ ပုဒ်မ မှန်ကန်စေရန်အတွက် ဖြစ်ပါတယ်။ နောက် ကျပ်(၅)သိန်းထက် မပိုသောဟု ပြီးတော့ ဒါ ဥပဒေ ကြမ်းမှာ ပါရှိသော်လည်းပဲ အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၄၂ မှာတော့ ဒဏ်ငွေ ပမာဏ မပါရှိတဲ့ အတွက် ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း အခန်း(၁၃)၊ ပုဒ်မ ၃၉ မှာလည်း ဒါ ကျွန်တော်တို့ အင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၄၃ အရ ဒါ ကျွန်တော်တို့ ဒဏ်ငွေ ပမာဏဖြစ်တဲ့ ကျပ် (၃)သိန်းထက် မပိုသောဆိုတဲ့ စကားရပ်ကို ကျွန်တော်တို့ ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ပယ်ဖျက်ခြင်း ဖြစ်ပါတယ်။ မူလဥပဒေကြမ်း အခန်း(၁၄)၊ ပုဒ်မ ၄၀ တွင် ကျွန်တော်တို့ အထွေထွေအခန်း ပုဒ်မ ၄၀ ကို ကျွန်တော်တို့ ပုဒ်မ ၃၃ မှာ ပေါင်းစပ်ရေးသား ဖော်ပြခဲ့ခြင်းဖြစ်၍ ကျွန်တော်တို့ ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဗိသုကာ ပညာ ရပ်ဆိုင်ရာများနှင့် ပတ်သက်၍ အာဆီယံဒေသဆိုင်ရာ အပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက် နိုင်ရန်အတွက် မြန်မာနိုင်ငံဗိသုကာကောင်စီ ဖွဲ့စည်းပေးရန် လိုအပ်လျက်ရှိပါတယ်ခင်ဗျား။ ဒီလို ဖွဲ့စည်း နိုင်ရန်အတွက် မြန်မာနိုင်ငံဗိသုကာကောင်စီ ဥပဒေ ထွက်ပေါ်လာပြီးမှသာ ဖွဲ့စည်းနိုင်မှာ ဖြစ်ပါတယ် ခင်ဗျား။ အာဆီယံ Architect Council ရဲ့ (၂၀)ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ မှာ ကျွန်တော်တို့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့ပါတယ်ခင်ဗျား။

မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသလို၊ မြန်မာနိုင်ငံဗိသုကာ ကောင်စီ ဖွဲ့စည်းနိုင်ခြင်း မရှိသေးတဲ့အတွက် မြန်မာဗိသုကာပညာရှင်များဟာ Asean Architect အသိအမှတ်ပြုလက်မှတ် မရရှိနိုင်သေးပါကြောင်း သိရှိခဲ့ရပါတယ်ခင်ဗျား။ မြန်မာနိုင်ငံဗိသုကာကောင်စီ ဥပဒေ ထွက်ပေါ်လာပြီး အကြီးတန်းလိုင်စင် ဗိသုကာလက်မှတ်ရ သက်တမ်း (၁၀)နှစ်ရှိသူများသာ Asean Architect လက်မှတ်ရရှိပြီး၊ အာဆီယံဒေသဆိုင်ရာ ဗိသုကာလုပ်ငန်းများမှာ ကျွန်တော်တို့ ပါဝင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မြန်မာဗိသုကာပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် နိုင်ငံအကျိုးကို တစ်ဖက်တစ်လမ်းမှ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြ မည်ဖြစ်ပါ၍ မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ ပေါ်ထွက်လာစေရေးအတွက် ပြင်ဆင်၊ ဖြည့်စွက်၊ အကြံ ပြုချက်များနဲ့အတူ လေးလေးနက်နက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အာဆီယံဗိသုကာအစည်းအဝေးက ဘယ်ရက်လောက် ကြားလဲ။ အာဆီယံ ဗိသုကာ အစည်းအဝေးလေ၊ မြန်မာနိုင်ငံမှာ လက်ခံကျင်းပမယ့် အစည်းအဝေး။

**ဗိုလ်မှူးမျိုးထွန်းအောင် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)**။ ။ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတုန်းက အိမ်ရှင်အဖြစ်လုပ်ခဲ့တာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လုပ်ပြီးသွားပြီ၊ ကောင်းပြီ။

**အချိန်၊ ၁၁း၄၅**။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင် ရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၄၅**။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၄၅ နာရီ အချိန်တွင် ရပ်နားပါသည်။]